# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အခွန်အယူခံ ခုံအဖွဲ့

ညွှန်ကြားလွှာအမှတ်၊ ၂ /၂၀၂၀

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်

(၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်)

အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂ (ခ) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အခွန်အယူခံခုံအဖွဲ့သို့ အမှုတင်သွင်းလျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင် ပြီးပြည့်စုံစေရန်အတွက် ဤညွှန်ကြားလွှာကို ထုတ်ပြန်လိုက်သည်။

၁။ ခုံအဖွဲ့သို့အမှုတင်သွင်းသူသည် မိမိ၏ အမှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်သွင်းလျှောက်ထားမှုကို အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၉ နှင့် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေ အခန်း( ၄ )ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်သွင်းရမည်။

၂။ အမှုတင်သွင်းလျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်း များအား ($A_4$ size) စာရွက်ဖြင့်လည်း တင်သွင်းလျှောက်ထားနိုင်သည်။

(က) အယူခံအမှုများ လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများ ပြည့်စုံစွာပါရှိရန် လိုအပ်ပါသည် –

(၁) ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော အယူခံလျှောက်လွှာ (အခယ–၁) မူရင်း (၁) စောင်နှင့် မိတ္တူ (၆)စောင်၊

(၂) အကောက်ခွန်အယူခံမှုအတွက်သက်ဆိုင်ရာမြို့နယ် အကောက်ခွန်ဦးစီးဌာန သို့မဟုတ် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) မှ ချမှတ်သည့်သိမ်းဆည်းအမိန့် သို့မဟုတ် ဒဏ်ငွေတပ်ရိုက်သည့် အမိန့်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁)စောင်နှင့် မိတ္တူ (၆)စောင်၊

(၃) ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကျန်ရှိသည့် အခွန်အကောက် အယူခံမှုများအတွက် သက်ဆိုင်ရာဌာနက ချမှတ်သည့် စည်းကြပ်အမိန့်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း(၁)စောင်နှင့် မိတ္တူ (၆) စောင် သို့မဟုတ် အခွန်တောင်းခံစာ မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင်၊

(၄) အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း (၁) စောင် နှင့် မိတ္တူ (၆) စောင်၊

(၅) ကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့် လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမ ကိုယ်စားလှယ် လွှဲစာ (Civil Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင် ၊ ကိုယ်စားလှယ်ဖြစ်ပါက တရားလိုမှ တရားဝင်လွှဲအပ်သည့် (Special Power) သို့မဟုတ် (General Power)မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင်တို့ ပါရှိရမည် ဖြစ်ပါသည်။

(ခ) အခွန်အယူခံခုံအဖွဲ့၏ ချမှတ်သောအမိန့်အပေါ် ပြန်လည်သုံးသပ်မှုနှင့် ပြင်ဆင်မှု လျှောက်ထားလိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာပါရှိရန်လိုအပ်ပါသည်–

(၁) ရုံးခွန်အက်ဥပဒေနှင့်အညီတံဆိပ်ခေါင်းကပ်နှိပ်ထားသောပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှု လျှောက်လွှာ (အခယ–၂) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊

(၂) အခွန်အယူခံခုံအဖွဲ့မှ ချမှတ်သည့် အယူခံစီရင်ချက်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊

(၃) အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း(၁)စောင် နှင့် မိတ္တူ (၆) စောင် ၊

(၄) ကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့်လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမ ကိုယ်စားလှယ်လွှဲစာ (Civil Power) မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင် ၊ ကိုယ်စားလှယ်ဖြစ်ပါက အယူခံ တရားလိုမှ တရားဝင်လွှဲအပ်သည့် (Special Power) သို့မဟုတ်(General Power) မူရင်း (၁)စောင်နှင့်မိတ္တူ (၆)စောင်၊ မူရင်းတွင် ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်း ကပ်နှိပ်ရပါမည်။

(ဂ) အခွန်အယူခံခုံအဖွဲ့၏ ချမှတ်သောအမိန့်အပေါ် လွှဲအပ်မှု လျှောက်ထားလိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာပါရှိရန် လိုအပ်ပါသည်–

(၁) လွှဲအပ်မှုပုံစံ(အခယ – ၃)လျှောက်လွှာ၊

(၂) အခွန်အယူခံခုံအဖွဲ့မှ ချမှတ်သည့် အယူခံစီရင်ချက်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊

(၃) အမှုအကြောင်းအရာရေးသားရာတွင် လိုအပ်သောအကြောင်းချင်းရာများ ဖော်ပြချက် လျှောက်လွှာနှင့် အမှုမှပေါ်လွင်သည့် ဥပဒေရေးရာပြဿနာ (Question of Law) ဖော်ပြချက် ၊

(၄) ကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့်လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမ ကိုယ်စားလှယ်လွှဲစာ (Civil Power) မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင် ၊ ကိုယ်စားလှယ်ဖြစ်ပါက အယူခံ တရားလိုမှ တရားဝင်လွှဲအပ်သည့် (Special Power) သို့မဟုတ်(General Power) မူရင်း (၁)စောင်နှင့်မိတ္တူ (၆)စောင်၊ မူရင်းတွင် ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်း ကပ်နှိပ်ရပါမည်။

ဥက္ကဋ္ဌ
အခွန်အယူခံခုံအဖွဲ့

စာအမှတ်၊ အခယ (ဖွဲ့)/ ၃ / ၀၁ ( ၈၅ / ၂၀၂၀ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်

ဖြန့်ဝေခြင်း

<u>အဖွဲ့ဝင်များ၊ အခွန်အယူခံခုံအဖွဲ့</u>

<u>ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး</u>

<u>ကြော်ငြာသင်ပုန်း</u>

မိတ္တူကို

- ရုံးလက်ခံစာတွဲ
- မျှောစာတွဲ